# Android အတွက် အကောင်းဆုံး alarm clock app များ

Clock app ပေါင်းများစွာကို smartphone တွေမှာ အသုံးပြုခဲ့ကြတာ ကြာပါပြီ။ Option တွေ စုံစုံလင်လင်နဲ့ app တော်တော်များများလည်း တွေ့ဖူးကြမှာပါ။ ဒီထဲကမှ အတော်အဆင်ပြေလွယ်ကူတဲ့ app တချို့ကို ဖော်ပြပါမယ်။

## Wave Alarm




Wave Alarm ဟာ ကိုယ့်ရဲ့ phone ၊ ဒါမှမဟုတ် tablet ရဲ့ front-facing camera ကိုအသုံးပြုပြီး snooze ၊ dismiss လုပ်နိုင်ပါတယ်။ ကိုယ့်လက်ကို device ပေါ်မှာ လှုပ်ရမ်းလိုက်ရုံနဲ့လုပ်ဆောင်နိုင်မှာပါ။ Disable လုပ်ဖို့နဲ့ turn off လုပ်ဖို့အတွက် screen မှာ swipe လုပ်ရုံပါဘဲ။ Date ၊ time နဲ့ local weather တွေကိုလည်း ကြည့်နိုင်အောင် ပြုလုပ်ထားပါတယ်။ ဒီ app ဟာ free ဖြစ်ပြီး ကြော်ငြာတွေကိုဖယ်ရှားဖို့နဲ့ နောက်ထပ်အရောင်တွေ၊ alarm option တွေရရှိဖို့ကတော့ ၂.၉၉ ဒေါ်လာနဲ့ unlock လုပ်ရမှာပါ။

## Double Twist Alarm Clock




Double Twist ကို music app တစ်ခုအနေနဲ့ သိကြမှာပါ။ Developer တွေဟာ ခပ်လန်းလန်း alarm clock တစ်ခုအဖြစ်နဲ့လည်း ဖန်တီးလိုက်ပြန်ပါပြီ။ App တစ်ခုလုံးအနေနဲ့ကြည့်ရင် တော်တော်လေးလှတာတွေ့ရမှာပါ။ အခြေအနေမျိုးစုံနဲ့ Alarm ပေးနိုင်ပြီး digital နဲ့ analong ပုံစံ ၂ မျိုးနဲ့ နာရီကိုကြည့်နိုင်မှာပါ။ Snooze time ၊ volume နဲ့ fade-in စတာတွေကိုလည်း စိတ်ကြိုက်ပြုပြင်နိုင်ပါတယ်။ Trial version အနေနဲ့ အခမဲ့ရနိုင်ပြီး full version အတွက်တော့ ၁.၉၉ ဒေါ်လာနဲ့ ဝယ်ယူရမှာပါ။

## Alarm Clock Exterme




ဒီ Alarm Clock Exterme ဟာ အအိပ်ကြီးတဲ့သူတွေနဲ့ သင့်တော်တဲ့ပုံစံမျိုးပါ။ App ရဲ့ behavior၊ အသံ၊ volume တွေကို စိတ်ကြိုက်ပြုပြင်နိုင်ပြီး အိပ်ယာကထတိုင်းမှာ snooze ၊ dismiss လုပ်ဖို့ challenge တွေလည်းရှိပါသေးတယ်။ Device ကိုလှုပ်ရမ်းလိုက်တော့မှ မြည်နေတဲ့ အသံနဲ့ vibration က ရပ်သွားတာမျိုး၊ သင်္ချာပုစ္ဆာတွေတွက်တာမျိုး၊ ဒါမှမဟုတ် captcha တွေ ဖြည့်တာမျိုးဖြစ်ပါတယ်။ မနက်တိုင်းမှာ ကိုယ့်ရဲ့ ဦးနှောက်ပုံမှန်အလုပ်လုပ်ဖို့နဲ့ အိပ်ချင်မူးတူးဖြစ်တာတွေ ဖယ်ရှားဖို့ဆိုရင် ဒီ app က အသင့်တော်ဆုံးပါပဲ။

## WakeVoice




WakeVoice ကတော့ fancy ဖြစ်တဲ့ silence လုပ်စရာနည်းလမ်းတွေမပါဝင်ပါဘူး။ ဒါပေမဲ့ အသုံးဝင်တဲ့ information တွေအများကြီးကို alarm ပိတ်ပြီးတဲ့နောက်မှာတွေ့မြင်ရမှာပါ။ ကိုယ့်ရဲ့ alarm ကို snooze ၊ ဒါမှမဟုတ် stop လုပ်ပြီးတဲ့နောက်မှာ ရာသီဥတုအခြေအနေ၊ သတင်း၊ ကိုယ့်ရဲ့ horoscope ကံကြမ္မာနဲ့ ကိုယ်မှတ်ထားတဲ့ calendar event တွေကို app က ခပ်ကျယ်ကျယ်လေးပြောပြမှာပါ။ ကိုယ်ကြိုက်တဲ့မြို့က ရာသီဥတုအခြေအနေကို သိနိုင်အောင်ရွေးချယ်လို့ရပြီး သတင်းတွေကိုလည်း ကိုယ်နှစ်သက်တဲ့ source တွေကဖွင့်တာ ၊ ဒါမှမဟုတ် social web တွေရဲ့ feed တွေကိုတောင်မှ သိရှိနိုင်မှာပါ။ Trial version ကိုတော့ free ရနိုင်ပြီး full version အတွက်တော့ ၂.၉၉ ဒေါ်လာနဲ့ ဝယ်ယူရမှာပါ။

## Caynax Alarm Clock




Caynax Alarm Clock မှာတော့ အပြာ၊ ခဲ အစရှိတဲ့ theme အရောင်တွေ၊ ရောင်ပြန် design တွေနဲ့ တော်တော်လေးအဆင်ပြေတဲ့ UI ကိုတွေ့ရမှာပါ။ Quick ၊ every day ၊ work days ၊ cyclic နဲ့ timer အစရှိတဲ့ အနေအထားတွေနဲ့ alarm ပေးနိုင်မှာပါ။ ဒီ app ကို alarm clock အနေနဲ့ရော to-do list အဖြစ်နဲ့ပါ အသုံးပြုနိုင်ပါတယ်။ Free version ကလည်း feature တွေ တော်တော်လေးစုံလင်ပြီး ၀.၉၉ ဒေါ်လာနဲ့ paid version လည်းရှိပါတယ်။